ပုံစံ(၁၆)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၁/၂၀၁၆)

| | |
|---|---|
| ဒေါ်ကျင်အေး(ပိုင်ရှင်)<br>Hanjen Manufacturing Co.,Ltd<br>အထည်ချုပ်စက်ရုံ၊ အမှတ်(၃၀၆)၊<br>၄၂ အကွက်၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်စန္ဒာအောင်ပါ(၃၄)ဦး<br>ကျောင်းလမ်း၊ ပန်းခြံစုရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ ၄၂ အကွက်၊ အမှတ်(၃၀၆)ရှိ Hanjen Manufacturing Co.,Ltd ပိုင်ရှင် ဒေါ်ကျင်အေးနှင့် အလုပ်သမား ဒေါ်စန္ဒာအောင်ပါ (၃၄)ဦးတို့အကြားဖြစ်ပွားကြသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်း ဆောင်ရွက်သော်လည်းပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ် (၁၇/၂၀၁၆) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည် ခန့်ထားပေးရန် (သို့မဟုတ်) အလုပ်ပြန်လည်ခန့်အပ်ခြင်းမရှိပါက အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမားများမှ လိုင်းစုပါများသည် ၎င်းတို့အပေါ် ရိုင်းစိုင်းစွာပြောဆိုဆက်ဆံခြင်း၊ နိုင်ငံခြားသားများမှ လူမှုရေးကိစ္စ ရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အလုပ်သမားများအပေါ် နိုင် ထက်စီးနင်း ပြောဆိုဆက်ဆံမှုများပြုလုပ်ခြင်းများအပေါ် ကျေနပ် မှုမရှိ၍ ညှိနှိုင်းဖျန်ဖြေပေးပါရန်နှင့် ၁-၁-၂၀၁၆ ရက်နေ့တွင် အ ကြောင်းမဲ့အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့် အလုပ်သမား မစန္ဒာ အောင်နှင့် လိုင်း ၇ မှ ၃၃ ဦးစလုံးအား အလုပ်ပြန်လည်ခန့်အပ်ပေး ပါရန် သို့မဟုတ် အလုပ်ပြန်လည်ခန့်အပ်ခြင်းမရှိပါက ၎င်းတို့ ၃၄ ဦးစလုံးအား အလုပ်ထုတ်နစ်နာကြေးပေးပါရန် တောင်းဆိုခြင်းဖြစ် သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်စန္ဒာအောင်ပါ လုပ်သား ၃၄ ဦးအား ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ၇ ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလနေရာ၊ မူလ လုပ်သက်မပျက်ဖြင့် ပြန်လည်ခန့်ထားရန်၊ အချင်းဖြစ်ပွားမှုအပေါ် Gate Pass တောင်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ သွားရောက် တင်ပြသူလုပ်သား ၅ ဦးဖြစ်သော ဒေါ်စန္ဒာအောင်၊ ဒေါ်သီတာရိုး၊ ဒေါ်ဖြိုးဖြိုးဝေ၊ ဒေါ်လှသန္တာ၊ ဒေါ်ခင်မာသန်းတို့အား ၁-၁-၂၀၁၆ ရက်နေ့မှစ၍ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလ နစ်နာကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(OT မပါ )နှုန်းဖြင့် တွက်ချက်ထုတ်ပေးရန်နှင့် ကျန်လုပ်သား ၂၉ ဦး သည် မိမိတို့ဆန္ဒအလျောက် စက်ရုံပြင်ပသို့ထွက်ခွာသည့်အတွက် ကြားကာလနစ်နာကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၇/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် Hanjen Manufacturing Co.,Ltd ပိုင်ရှင် ဒေါ်ကျင်အေးမှ ခုံသမာဓိကောင်စီသို့

အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၁၁/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် ခုံအဖွဲ့ရှေ့မှောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့်တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်စန္ဒာအောင်နှင့် လိုင်း ၇ မှ အလုပ်သမား ၃၃ ဦးအား အလုပ်ထုတ်ခြင်းကြောင့် အလုပ်ပြန်ခန့်ရန်၊ အလုပ်မခန့်ပါက အလုပ်ထုတ် နစ်နာကြေးပေးရန်တောင်းဆိုခြင်း။

**သုံးသပ်ချက်အမှတ်(၁)။** အလုပ်သမားများအနေဖြင့် အလုပ်ပြန်လုပ်လိုကြသော်လည်း အခြားမှာ အလုပ်အကိုင်ရရှိလုပ်ကိုင်နေကြပြီးဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။ အလုပ်ထုတ်ခံခဲ့ရသည့်အတွက် နစ်နာမှုကြုံခဲ့ရသည်လည်း အမှန်တကယ်ပေါ်ပေါက်ခဲ့ပါသည်။ အလုပ်သမား ဒေါ်စန္ဒာအောင်အားအလုပ်ထုတ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ အလုပ်ရှင်က လိုအပ်သလို တာဝန်ယူမည့်အကြောင်း ထွက်ဆိုထားမှုရှိပါသည်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စက်ရုံမှ အလုပ်သမားများလိုက်နာရမည့် စည်းကမ်းချက်များတွင် ဖော်ပြထားသည့် ကြီးလေးသောပြစ်မှုစာရင်း အမှတ်စဉ် (၁၃)နှင့် ငြိစွန်းသဖြင့် ဒေါ်စန္ဒာအောင်အား အလုပ်ထုတ်ခဲ့ရာတွင် မကျေနပ်သဖြင့် အလုပ်ခွင်မှထွက်ခွာသွားသည့် ယခုအမှုပါ ကျန်အလုပ်သမား ၃၃ ဦးအား အလုပ်မှရပ်စဲသည့်အမိန့် တစ်စုံတစ်ရာထုတ်ပြန်ထားခြင်းမရှိကြောင်း အမှုတွဲတွင် လေ့လာတွေ့ရှိရပါသည်။ အလုပ်မှရပ်စဲရာတွင်လည်းချက်ချင်းရပ်စဲခြင်းပြုရမည်ဟု အလုပ်ခန့်ထားမှုဆိုင်ရာ စည်းကမ်းချက်တွင် မပါရှိသကဲ့သို့ အလုပ်ရပ်စဲမည်ဟု နို့တစ်စာပေးရန်မလိုဟုလည်း မပါရှိပါ။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည် -

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ထုတ်ခံရသည့် ဒေါ်စန္ဒာအောင်အား အလုပ်ထုတ်သည့်အတွက် နို့တစ်ကြေး(၁)လစာအတွက် ၁၂၃၄၉၅ ကျပ်နှင့် အလုပ်ထုတ် နစ်နာကြေး (၁) လစာအတွက် ၁၂၃၄၉၅ ကျပ်၊ စုစုပေါင်း ၂၄၆၉၉၀

ကျပ်(ကျပ်နှစ်သိန်းလေးသောင်း ခြောက်ထောင်ကိုးရာကိုးဆယ်တ
တိ) အလုပ်ရှင်မှပေးရန် ဆုံးဖြတ်ပါသည်။ ထို့အပြင် အလုပ်ရပ်စဲခံရ
သည်ဆိုသော အလုပ်သမား ၃၃ ဦးအတွက် နို့တစ်ကြေး(၁)လစာ
စိကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ယူခဲ့သည့်အချိန်ပိုလုပ်ခမပ
သော အခကြေးငွေဖြင့် အလုပ်ရှင်မှ တွက်ချက်ခံစားခွင့်ပြုရန်လည်း
ဆုံးဖြတ်ပါသည်။ ^

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေ
ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု
ဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရ
မည်။ သတ်မှတ်ကာလကုန်ဆုံးပြီးသော်လည်း ပေးသွင်းရန်ငွေကို ပေးသွင်းရန်ပျက်ကွက်လျှင်
မူလပေးရန်ရှိသော ငွေကြေးအပြင် ကြန့်ကြာမှုအတွက် အဆိုပါပေးရန်ရှိသောငွေကြေး၏ ၂၀% နှ
ကို ပျက်ကွက်သည့်လတိုင်းအတွက် ထပ်ဆောင်းပေးသွင်းရမည်။ ထိုကောက်ခံရရှိသောငွေကို
နည်းဥပဒေ အပိုဒ် ၃၀ နှင့်အညီ အလုပ်သမားအား ခံစားခွင့်ပြုရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |